## စာရေးသူရဲ့ ရှေးဦးစကား

ကျေးဇူးကို အမှန်တရားဖြင့် ဆပ်မယ်၊
ကျေးဇူးကို ယုံကြည်မှုဖြင့် ဆပ်မယ်။

၁၉၈၅ မှာ စာရေးဆရာ၊ သတင်းစာဆရာ ဆရာဦးဝင်းတင်ကို ဆရာပါရဂူမှတစ်ဆင့် သိကျွမ်းခင်မင်ခဲ့ရပါသည်။

၁၉၈၈၊ ဒီမိုကရေစီအရေးတော်ပုံ စာနယ်ဇင်းလှုပ်ရှားမှုမှာ ဆရာနှင့်အတူ လက်တွဲပါဝင်ခဲ့သည်။

၁၉၈၈၊ အောက်တိုဘာလမှာ ဆရာ့ကူညီမှုဖြင့် ဗဟန်းမြို့နယ် NLD အဖွဲ့ဝင်စုဆောင်းရေး တာဝန်ကို ဒေါ်အောင်ဆန်းစုကြည် လက်မှတ်နှင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့ပြီး NLD အဖွဲ့ဝင်ဖြစ်ခဲ့သည်။

စာပေနယ်တွင် ဆရာဦးဝင်းတင်၏ ကူညီရိုင်းပင်းမှု စိတ်ဓာတ်နှင့် ဂုဏ်သိက္ခာကို အားကျခဲ့။

နိုင်ငံရေးလောကတွင်လည်း ဆရာ၏ ရဲဘော်ရဲဘက်စိတ်ဓာတ်၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုစိတ်ဓာတ်၊ နိုင်ငံရေးကျင့်ဝတ်သိက္ခာ၊ စစ်အာဏာရှင်ဆန့်ကျင်ရေးစိတ်ဓာတ်၊ အားလုံးကို လေးစားခဲ့သည်။

၁၉၉၇ တွင် ကျွန်တော် ပထမအကြိမ် ထောင်ကျစဉ်ကလည်းကောင်း၊ ၂၀၀၀ တွင် ဒုတိယအကြိမ် ထောင်ကျစဉ်ကလည်းကောင်း အင်းစိန်ထောင်ထဲတွင် ဆရာနှင့် မကြာမကြာ တွေ့ဆုံခဲ့ရသည်။



ဆရာသည် ၂၀၀၈ ခုနှစ် ထောင်မှလွတ်လာပြီးနောက် အကျဉ်းကျခံနေရသော နိုင်ငံရေးသမားများ၏ မိသားစုများထံ သွားရောက်၍ သတင်းမေး၊ အားပေးစကားများ ပြောပြီး တတ်နိုင်သလောက် ငွေကြေးကူညီထောက်ပံ့ပေးရာတွင် ဆရာနှင့်အတူ လိုက်ပါခဲ့သည်။

NLD အဖွဲ့ချုပ် မြို့နယ်၊ ရပ်ကျေးရုံးခန်းများဖွင့်ရာတွင်လည်း ဆရာနှင့်အတူ လိုက်ပါခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဒီလိုင်းစာစောင်ထုတ်ဝေရာတွင် ဆရာ၏ သွန်သင်ညွှန်ကြားမှုအောက်တွင် တာဝန်ကျေစွာ အချိန်ပြည့်ဆောင်ရွက်ခဲ့ရင်း တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။

၂၀၁၄၊ ဆရာကွယ်လွန်ပြီးနောက် ဆရာတည်ထောင်ခဲ့သည့် ဒီလိုင်းစာစောင် Trend နှင့် ဆရာ့ယုံကြည်ချက်တွေနှင့်အတူ ကျွန်တော်လည်း ဒီလိုင်းမှ လွှင့်စင်ခဲ့ပြီး ဝေးခဲ့ရသည်။

ဆရာ့စာပေကျေးဇူးနှင့် နိုင်ငံရေးကျေးဇူးများကို အောက်မေ့တသသောအားဖြင့် စံတော်ချိန်သတင်းစာတွင် အမှတ်တရ အခန်းဆက်ဆောင်းပါးများ ရေးသားခဲ့သည်။

ယခု ထိုဆောင်းပါးများကို တစ်စုတစ်စည်းတည်း ဆရာ့အတွက် ဂုဏ်ပြုအမှတ်တရစာအုပ်အဖြစ် ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်အတွက် ဆောင်းပါးများကို ဖော်ပြပေးသော စံတော်ချိန်နေ့စဉ်သတင်းစာအယ်ဒီတာအဖွဲ့၊ အမှာစာရေးပေးသော သူငယ်ချင်း စာရေးဆရာ ကိုထက်မြက်နှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ကူးချိုချိုစာပေ တိုက်ပိုင်ရှင် ကိုစန်းဦးနှင့် မိသားစုအားလုံးကို ကျေးဇူးအနန္တတင်ရှိရပါကြောင်း။

ချာပုံနီလုံဦး
၂၇၊ ၁၂၊ ၂၀၁၉။

## မာတိကာ


□ စာရေးသူရဲ့ ရှေးဦးစကား (က)
□ ငယ်သူငယ်ချင်း ကဗျာဆရာဖျာပုံနီလုံဦးအတွက် အမှာစာ (ဆရာထက်မြက်) (ဂ)
■ အမှတ်တရ ဓာတ်ပုံ မှတ်တမ်းများ ၁
■ ဦးဝင်းတင် အမှတ်တရ ကဗျာများ
- မှတ်တိုင် (သို့မဟုတ်) တန်ဖိုး ၂၅
- သံမဏိသူရဲကောင်း သတင်းစာဆရာ ၂၆
- မဟာသူရဲကောင်း သတင်းစာဆရာ ၂၈
- အာဏာရှင်ထောင်နှင့် ဟံသာဝတီဦးဝင်းတင် ၃၀
- တိုက်ပွဲပျော် မဟာသတင်းစာဆရာ ၃၂
■ အမှတ်တရ ဆောင်းပါးများ
၁။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၁) ၃၅
၂။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၂) ၄၂
၃။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၃) ၄၈
၄။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၄) ၅၄
၅။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၅) ၅၉
၆။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၆) ၆၅
၇။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၇) ၇၃
၈။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၈) ၈၁
၉။ မိမိ၊ ဟံသာဝတီဦးဝင်းတင်နှင့် နိုင်ငံရေးခရီး (၉) ၈၈
၁၀။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၁) ၉၆
၁၁။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၂) ၁၀၄
၁၂။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၃) ၁၁၂
၁၃။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၄) ၁၂၁
၁၄။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၅) ၁၂၆
၁၅။ မိမိနှင့် အင်န်အယ်လ်ဒီအရေးတော်ပုံတပ်သား (၆) ၁၃၃
၁၆။ သံမဏိသူရဲကောင်း သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်နှင့် ကျွန်တော် ၁၄၃
■ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ခဲ့သူ သဘာပတိအဖွဲ့ဝင်၊ သတင်းစာဆရာ၊ စာရေးဆရာ ဟံသာဝတီဦးဝင်းတင် (၁၉၃၀-၂၀၁၄) ၏ ကိုယ်ရေးအကျဉ်းမှတ်တမ်း ၁၅၀
■ သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ရရှိခဲ့သော ဆုတံဆိပ်များ ၁၅၆
■ ဟံသာဝတီဦးဝင်းတင် ရေးသားပြုစုခဲ့သောစာအုပ်များ ၁၅၇
■ စာရေးသူ၏ ကိုယ်ရေးအကျဉ်းမှတ်တမ်းအကျဉ်း ၁၅၉


× × ×